Message Eleven

# မေတ္တာနှင့်အလင်း၌ လျှောက်လှမ်းသော ဘုရားသခင်၏သားများ

ဖတ်ရန်ကျမ်း။ ။ ဖေက်၊၁း၅၊ ၉။ ၅း၁-၁၄။ ၁ယော၊၄း၈၊ ၁၆။ ၁း၅

**I. ဘုရားသခင်၏ ကောင်းသောကျေနပ်အားရရာမှာ လူနှင့် တစ်လုံးတစ်ဝဖြစ်ရန်နှင့် လူကို ကိုးကွယ်ခံဘုရားအရာ၌ မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်နှင့်တူညီလာစေရန် ဖြစ်သည် - ဧ၊၁း၅၊ ၉။**

**II. ဘုရားသခင်၏သားများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်မှ မွေးဖွားပြီး၊ ဘုရားသခင်၏အသက်နှင့် သဘောသဘာဝကို ပိုင်ဆိုင်က၊ ဘုရားသခင်၏မျိုးစိတ်နှင့် သက်ဆိုင်သည့် ဘုရား-လူများ ဖြစ်ကြသည် - ၅း၁။ ၁ယော၊၃း၁။ ယော၊၁း၁၂-၁၃။**

A. ဘုရားသခင်သည် ကျွန်ုပ်တို့၏အမှန်တကယ် စစ်မှန်သောအဖ ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အမှန်တကယ် စစ်မှန်သောသားများ ဖြစ်ကြသည် - ၁ယော၊၃း၁။ ဧ၊၅း၁။

B. စကြဝဠာ၌ အကြီးမားဆုံးသော အံ့ဩဖွယ်ရာမှာ လူသားဖြစ်ခြင်းများသည် ဘုရားသခင်အားဖြင့် ဖွားမြင်ခြင်း ခံရနိုင်ပြီး၊ အပြစ်သားများသည် ဘုရားသခင်၏သားများ ဖြစ်လာနိုင်ခြင်းဖြစ်သည် - ၁ယော၊၃း၁၊၉။ ၄း၇။ ၅း၁၊၄၊၁၈။ ယော၊၁း၁၂-၁၃။

C. ထိုကဲ့သို့သော အံ့ဩဖွယ် ဘုရားဆိုင်ရာမွေးဖွားခြင်းမှတစ်ဆင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ မျိုးကြဲလိုက်သည့် ဘုရားဆိုင်ရာမျိုးစေ့အဖြစ် ဘုရားဆိုင်ရာအသက်၊ ထာဝရအသက်ကို လက်ခံရရှိကြသည် - ၁ယော၊၁း၂။ ၃း၉။

D. ကျွန်ုပ်တို့သည် ဘုရားအသက်ဖြင့် မွေးဖွားခံရပြီး၊ ဘုရားအသက်ကို ပိုင်ဆိုင်ထားသောကြောင့်၊ ဘုရားသားများ ဖြစ်သော ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာပုဂ္ဂိုလ်များ ဖြစ်ကြသည် - ၅း၁၁-၁၃။ ၃း၁၊၁၀။

E. ဘုရားသခင်၏ မွေးဖွားခံရသောသူများအနေဖြင့် ကျွန်ုပ်တို့တွင် ဘုရားအသက်သာမက၊ ဘုရားသဘောသဘာဝလည်း ရှိသည် - ၂ပေ၊၁း၄။

F. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသက်နှင့် သဘောသဘာဝရှိသည့် ဘုရားသခင်၏သားများ ဖြစ်ကြသောကြောင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို နည်းခံသောသူများ ဖြစ်နိုင်ကြသည် - ဧ၊၅း၁။

G. အဖ၏အသက်နှင့် သဘောသဘာဝရှိသည့် အဖ၏သားများအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဖ စုံလင်တော်မူသည့် နည်းတူ စုံလင်ခြင်းရှိနိုင်ကြသည် - မ၊၅း၄၈။

**III. ကျွန်ုပ်တို့သည် မေတ္တာနှင့်အလင်းအဖြစ် ဘုရားသခင်ကို သိကျွမ်းပြီး တွေ့ကြုံခံစားရန် လိုအပ်သည် - ၁ယော၊ ၄း၈၊၁၆။ ၁း၅။**

A. မေတ္တာနှင့် အလင်းသည် အမှန်စင်စစ် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်၏ဖြစ်ခြင်း၊ ကိုယ်တော်၏အနှစ်သာရ ဖြစ်သည် - ၄း၈။ ၁း၅။

B. ယောဟန်ပထမစာစောင်တွင် ဘုရားသခင်သည် အလင်း ဖြစ်တော်မူကြောင်း (အငယ်၊၅) နှင့် ထို့နောက် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်ကြောင်း ပြောဆိုထားသည် (၄း၈၊ ၁၆)။

C. ဘုရားသခင်၏အနှစ်သာရ၏ သဘောသဘာဝအဖြစ် ချစ်ခြင်းမေတ္တာသည် ကျေးဇူးတော်၏အရင်းအမြစ်ဖြစ်ပြီး၊ ဘုရားသခင့်ထင်ရှားခြင်း၏ သဘောသဘာဝအဖြစ် အလင်းသည် သမ္မာတရား၏အရင်းအမြစ်ဖြစ်သည်။

D. ဘုရားဆိုင်ရာ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ထံ ရောက်ရှိလာသောအခါ၊ ၎င်းသည် ကျေးဇူးတော်ဖြစ်လာပြီး၊ ဘုရားဆိုင်ရာ အလင်းသည် ကျွန်ုပ်တို့အပေါ် ထွန်းလင်းသောအခါ၊ ၎င်းသည် သမ္မာတရား ဖြစ်လာသည်။

**IV. ဘုရားသခင်၏သားများအနေဖြင့် ကျွန်ုပ်တို့သည် မေတ္တာနှင့် အလင်း၌ လျှောက်လှမ်းသင့်ပါသည် - ဧ၊၅း၂၊ ၈။**

A. ကျေးဇူးတော်နှင့် သမ္မာတရားသည် ၄း၁၇-၃၂ ရှိ အခြေခံဒြပ်သဘာဝများ ဖြစ်သောကြောင့်၊ မေတ္တာနှင့် အလင်းသည် ၅း၁-၃၃ ရှိ ပေါလု တိုက်တွန်းနှိုးဆော်ခြင်း၏ အခြေခံဒြပ်သဘာဝများ ဖြစ်သည်။

1. ကျေးဇူးတော်သည် မေတ္တာ၏ထင်ရှားခြင်း ဖြစ်ပြီး၊ မေတ္တာသည် ကျေးဇူးတော်၏အရင်းအမြစ် ဖြစ်သည်။ သမ္မာတရားသည် အလင်း၏ဖွင့်ပြခြင်းဖြစ်ပြီး၊ အလင်းသည် သမ္မာတရား၏မူလအစ ဖြစ်သည် - ၁ယော၊၄း၈။ ၁း၅။

2. မေတ္တာသည် ဘုရားသခင်၏အတွင်းပိုင်း ဒြပ်ကိုယ်ထည်ဖြစ်ပြီး၊ အလင်းသည် ဘုရားသခင်၏ ထင်ရှားသော ဒြပ်သဘာဝ ဖြစ်သည်။ ဘုရားသခင်၏အတွင်းပိုင်းမေတ္တာသည် ထိတွေ့ခံစားနိုင်ပြီး၊ ဘုရားသခင်၏အပြင်ပိုင်းအလင်းသည် မြင်တွေ့နိုင်သည်။
3. ဘုရားသခင်၏သားများအဖြစ် ကျွန်ုပ်တို့၏ နေ့စဉ်လျှောက်လှမ်းခြင်းသည် ဘုရားသခင်၏ မေတ္တာဒြပ်ကိုယ်ထည်နှင့် ဘုရားသခင်၏ ထွန်းလင်းသော ဒြပ်သဘာဝ နှစ်ခုလုံးဖြင့် စေ့စပ်ထုံးဖွဲ့ခြင်း ရှိသင့်ပါသည်။ ယင်းသည် ကျွန်ုပ်တို့ လျှောက်လှမ်းခြင်း၏ အတွင်းပိုင်း အရင်းအမြစ် ဖြစ်သင့်ပါသည်။
4. မေတ္တာနှင့် အလင်း၌ လျှောက်လှမ်းခြင်းသည် သမ္မာတရားအတိုင်းနှင့် ကျေးဇူးတော်ဖြင့် အသက်ရှင်ခြင်းထက် ပိုနက်နဲပြီး၊ ပိုမိုနူးညံ့သိမ်မွေ့ခြင်းရှိသည်။

B. "ခရစ်တော်သည် ငါတို့ကိုချစ်တော်မူ၍၊ ဘုရားသခင့်ရှေ့တော်၌ မွှေးကြိုင်သောအနံ့ရှိစေခြင်းငှာ၊ ကိုယ့်ကိုယ်ကို ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့အတွက် ပေးအပ်တော်မူသည့်နည်းတူ၊ သင်တို့သည် မေတ္တာ၌ လျှောက်လှမ်းကြလော့"- ဧ၊၅း၂။
1. မေတ္တာ၌ လျှောက်လှမ်းရန် ဆိုသည်မှာ ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်ခြင်း၌ လျှောက်လှမ်းရန် ဖြစ်သည် - ညွှန်း၊ ၁ယော၊၃း၁။
   a. အဖခမည်းတော်၏မျက်မှောက်တော်၌ ကျွန်ုပ်တို့သည် မေတ္တာတော်၏ ထင်ရှားခြင်းဖြစ်သည့် ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ကြရုံသာမက၊ မေတ္တာတော်ကိုလည်း မွေ့လျော်ဝမ်းမြောက်ကြသည်။
   b. ကျွန်ုပ်တို့၏နေ့စဉ်လျှောက်လှမ်းခြင်း၌ ကျွန်ုပ်တို့သည် အဖ၏နူးညံ့သိမ်မွေ့သောမေတ္တာတော်၌ ရင်းနှီးကျွမ်းဝင်စွာ အသက်ရှင်နေကြသောကြောင့်၊ ကျွန်ုပ်တို့သည် မိမိတို့အဖ၏ခံစားချက်ကို အမြဲဂရုစိုက်သင့်ပါသည်။
2. ဧဖက်စာစောင်၏ပန်းတိုင်မှာ ကျွန်ုပ်တို့အား ဘုရားသခင်၏အတွင်းဒြပ်ကိုယ်ထည်ဖြစ်သည့် မေတ္တာတော်အထဲသို့ ခေါ်ဆောင်ရန် ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမေတ္တာတော်၏ချိုမြိန်ခြင်း၌ ကိုယ်တော်၏မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်ကြမည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ခရစ်တော်ပြုသကဲ့သို့ အခြားသူများကို ချစ်လာနိုင်ကြမည် ဖြစ်သည် - ၅း၂၅။
   a. မေတ္တာ၏အခြေအနေနှင့် နယ်ပယ်၌ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်တွင် သန့်ရှင်းခြင်းရှိရန်နှင့် အပြစ်တင်ခွင့် ကင်းရန် ဘုရားသခင်နှင့် ပျော်ဝင်ပြည့်ဝလာကြသည်-၁း၄။
   b. တည်ဆောက်ခြင်းအတွက် ကြီးထွားခြင်းနှင့် အခြေပြုခြင်းရှိရန် ကျွန်ုပ်တို့ အမြစ်စွဲနေသည့် မေတ္တာသည် လက်တွေ့ကျသောနည်းလမ်း၌ ကျွန်ုပ်တို့သိနားလည်ရပြီး၊ တွေ့ကြုံခံစားရသည့် ဘုရားဆိုင်ရာမေတ္တာဖြစ်သည်-၃း၁၇။
   c. ခရစ်တော်ကိုယ်တော်တိုင် ဖြစ်သည့် ခရစ်တော်၏မေတ္တာတော်သည် တိုင်းတာ၍မရနိုင်၊ ကိုယ်ဉာဏ်နှင့် မသိနိုင်ပါ၊ သို့သော် ကျွန်ုပ်တို့သည် ၎င်းကို တွေ့ကြုံခံစားခြင်းအားဖြင့် သိရှိနိုင်ပါသည် - အငယ်၊၁၉။
   d. ခရစ်တော်၌ရှိသော ဘုရားသခင်၏မေတ္တာတော်၌ ကျွန်ုပ်တို့သည် သမ္မာတရားကို ကိုင်စွဲကြသည်၊ ယင်းမှာ ခရစ်တော်နှင့် ကိုယ်တော်၏ခန္ဓာတော်ကို ကိုင်စွဲခြင်းဖြစ်သည် - ၄း၁၅။
   e. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်သည်။ မေတ္တာသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့ တစ်စုံတစ်ရာဖြစ်ရန်နှင့် တစ်စုံတစ်ရာ လုပ်ဆောင်ရန် အထူးမြတ်ဆုံးသော လမ်းဖြစ်သည် - အငယ်၊၁၆။ ၁ကော၊၁၂း၃၁။
   f. ဖောက်ပြန်ခြင်းကင်းလျက် သခင်ဘုရားကို ချစ်ခြင်း ဆိုသည်မှာ ဖန်ဆင်းခြင်းအသစ်၌၊ ဧဖက်စာစောင်၌ ဖော်ပြထားသည့် ဖောက်ပြန်ခြင်းကင်းသောအရာများ အားလုံးအတိုင်း ကိုယ်တော်ကို ချစ်ရန်ဟု ဆိုလိုသည် - ဧ၊၆း၂၄။
3. ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်သောကြောင့်၊ ဘုရားသခင်၏မျိုးစိတ် ဖြစ်လာရန် အသစ်မွေးဖွားခံရသောသူများ အနေဖြင့် ဘုရားသခင်၏သားများဖြစ်သော ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာ ဖြစ်လာသင့်ပါသည်။ ကျွန်ုပ်တို့သည် အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင် ဖြစ်လာကြသောကြောင့်၊ ကျွန်ုပ်တို့သည်လည်း ချစ်ခြင်းမေတ္တာ ဖြစ်လာသင့်ပါသည် - ၁ယော၊၄း၈၊ ၁၆။

C. "အထက်က သင်တို့သည် မှောင်မိုက်အတိဖြစ်ကြ၏။ ယခုမူကား၊ သခင်ဘုရား၌ အလင်းဖြစ်ကြ၏။ သို့ဖြစ်၍ အလင်း၏သားများကဲ့သို့ လျှောက်လှမ်းကြလော့" - ဧ၊၅း၈။

1. ဘုရားသခင်သည် အလင်းဖြစ်သောကြောင့်၊ ဘုရားသခင်၏သားများဖြစ်သော ကျွန်ုပ်တို့သည် အလင်း၏သားများဖြစ်ကြသည် - ၁ယော၊၁း၅။ ဧ၊၅း၈။ ယော၊၁၂း၃၆။
2. ကျွန်ုပ်တို့သည် အလင်း၏သားများဖြစ်ကြရုံသာမက - ကျွန်ုပ်တို့ ကိုယ်တိုင်သည် အလင်းဖြစ်ကြသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝ ဖြစ်ကြသောကြောင့် ကျွန်ုပ်တို့သည် အလင်း ဖြစ်ကြသည် - မ၊၅း၁၄။ ၁ယော၊ ၁း၅။
3. ကျွန်ုပ်တို့သည် အလင်း၌ ရှိသောအခါ၊ ကျွန်ုပ်တို့သည် အမှန်နှင့် အမှား၏နယ်ပယ် အပြင်ဘက်၌ ရှိသည် - အငယ်၊၇။
4. ကျွန်ုပ်တို့သည် အလင်း၏သားများကဲ့သို့ လျှောက်လှမ်းကြမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ဧ၊၅း၉ ၌ ဖော်ပြထားသကဲ့သို့ အသီးသီးကြလိမ့်မည်ဖြစ်သည်။
   a. အလင်း၏အသီးသည် သဘောသဘာဝ၌ ကောင်းမွန်၍၊ လမ်းစဉ်၌ ဖြောင့်မတ်ကာ၊ ထင်ရှားခြင်း၌ စစ်မှန်သည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ နေ့စဉ်လျှောက်လှမ်းခြင်း၏ စစ်မှန်ခြင်းအဖြစ် ထင်ရှားဖော်ပြခြင်းခံရနိုင်မည်ဖြစ်သည်။
   b. အလင်း၏အသီးသည် ကောင်းမြတ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် သမ္မာတရား၌ ရှိခြင်းမှာ သုံးပါးတစ်ပါးဘုရားနှင့် ဆက်နွယ်နေသည်။
      (1) ကောင်းမြတ်ခြင်းအဖြစ် ခမည်းတော်ဘုရားသည် အလင်း၏အသီး သဘောသဘာဝဖြစ်သည်။ ထို့ကြောင့် အငယ်၊၉ ၌ရှိသော ကောင်းမြတ်ခြင်းသည် ခမည်းတော်ဘုရားကို ရည်ညွှန်းသည် - မ၊၁၉း၁၇။
      (2) ဖြောင့်မတ်ခြင်းသည် သားတော်ဘုရားကို ရည်ညွှန်းသည်။ အကြောင်းမှာ ခရစ်တော်သည် ဘုရားသခင်၏ ဖြောင့်မတ်သောလမ်းစဉ်အတိုင်း ဘုရားသခင်၏အကြံအစည်တော်ကို ပြည့်စုံရန် ကြွလာခဲ့သောကြောင့် ဖြစ်သည် - ရော၊၅း၁၇-၁၈၊ ၂၁။
      (3) အလင်း၏အသီး ထင်ရှားခြင်းဖြစ်သည့် သမ္မာတရားသည် ဝိညာဉ်တော်ဘုရားကို ရည်ညွှန်းသည်၊ အကြောင်းမှာ ကိုယ်တော်သည် စစ်မှန်ခြင်း၏ ဝိညာဉ်တော်ဖြစ်သည် - ယော၊၁၄း၁၇။ ၁၆း၁၃။
   c. အလင်း၏ သားများအဖြစ် ကျွန်ုပ်တို့လျှောက်လှမ်းနေသည့် သက်သေကို ထိုကဲ့သို့သော အသီးသီးခြင်း၌ မြင်တွေ့ရသည်။

*© 2024 Living Stream Ministry*